## ဇန်နဝါရီ (၁၂)

**မိမိတို့၏ ကယ်တင်ခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့်သာ ဖြစ်ပြီး ဘယ်အခါကမျှ အလုပ်အားဖြင့် မဟုတ်ခဲ့ပါ။**

**မိ**မိတို့၏ ကောင်းမြတ်ခြင်း သို့မဟုတ် ဘုရားသခင်၏ ပညတ်တရားများကို စောင့်ထိန်းရန် ကြိုးစားခြင်းတို့အားဖြင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို မကယ်တင်နိုင်။သူ့ကယ်တင်ခြင်း၏ ကောင်းကင်ဘုံနှင့်သက်ဆိုင်သော ပြည့်စုံ ပြီးမြောက်ခြင်းနှင့်ထိုက်တန်ရန် မိမိတို့အနေနှင့် အလုပ်လုပ်ယူ၍မရ။ ဘုရားသခင်၏ထူးဆန်းအံ့ဩဖွယ်ရာအမှုကို ပြုနိုင်စွမ်းရှိသည့် တန်ခိုးတော်မပါဘဲ မည်သူ့မဆို ကယ်တင်ခြင်းရရန် မဖြစ်နိုင်။ ယင်းက သူ၏ ကျေးဇူးတော်၊ သူ၏ချစ်ခြင်းမေတ္တာနှင့် သူ၏ သနားခြင်းဂရုဏာတော်ရှိမှသာ လာခြင်းဖြစ်သည်။

ကယ်တင်ခြင်းက အခမဲ့ဖြစ်သည်။ ထိုအတွက် သင်အလုပ်လုပ်၍မရနိုင်။ လက်ဆောင်ကို သင့်အနေနှင့် အလုပ်လုပ်ပြီးရယူ ရန်မဖြစ်နိုင်။ ရနိုင်ပါက ၎င်းသည် လက်ဆောင်မဟုတ်။ ဘုရားသခင်၏ နှုတ်ကပတ်တော်က “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သကဲ့သို့ ဝါကြွားစရာအခွင့်မရှိ။ (ဧဖက် ၂း၈–၉)

ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့်ဆိုင်သော အယူအဆက မိမိကိုယ်ကို အပြစ်ရှိကြောင်း ဝန်ခံသောသူတစ်ယောက်ယောက်က ဘုရားသခင်လိုအပ်ကြောင်းကိုသိပြီး ကယ်တင်ခြင်းရရှိရန် ဘုရားရှင်ပေါ် အမှီပြုခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ မွန်မြတ်စင်ကြယ်ခြင်းနှင့်ဆိုင်သော အယူအဆက မိမိကိုယ်မိမိမှန်ကန်သည်ဟု ယူဆခြင်းမဟုတ်။ အပြစ်ကင်းသော ပြည့်စုံခြင်းမျိုးမဟုတ်။ ယင်းက ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရသော အပြစ်သားတစ်ဦး ပြည့်စုံပြီးမြောက်ခြင်းမရှိသည့် အပြစ်သားတစ်ဦး သူ၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းမရှိသော်လည်း ဘုရားသခင်ကျေးဇူးတော် ချစ်ခြင်းမေတ္တာနှင့် သနားခြင်းဂရုဏာတော်အပေါ်၌သာ လုံးလုံးလျားလျား မှီခိုအားထားသူတစ်ဦးသာလျှင်ဖြစ်သည်။ ထိုသို့သောသူတော်စင်မျိုးသာရှိသည်။ အခြားသော အမျိုးအစားမရှိ။ သင်၌ခရစ်တော်၏ ဖြောင့်မတ်ခြင်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်၏ ဖြောင့်မတ်ခြင်းမျိုးမှမရှိ။ ထိုဖြောင့်မတ်ခြင်းကို ပေးနိုင်သောသူဆို၍ သူတစ်ဦးတည်းသာလျှင်ရှိသည်။ (ဖိလိပ္ပိ ၃း၉)